CDTFA

# ကယ်လီဖိုးနီးယားတွင် ရောင်းချခြင်း

ကယ်လီဖိုးနီးယား အခွန်နှင့်အခကြေးငွေ စီမံခန့်ခွဲမှုဌာနသို့ မိတ်ဆက်



ကယ်လီဖိုးနီးယား အခွန်နှင့်အခကြေးငွေ စီမံခန့်ခွဲမှုဌာန (CDTFA) သည် ကယ်လီဖိုးနီးယားတွင် အခွန်နှင့်အခကြေးငွေအစီအစဉ် ၃၇ ခုကို စီမံဆောင်ရွက်ပေးသည်။ ကျွန်ုပ်တို့၏တာဝန်မှာ ကျွန်ုပ်တို့၏မရှိမဖြစ်သောပြည်သူ့ ဝန်ဆောင်မှုများကို ပံ့ပိုးသည့် ဝင်ငွေကို မျှတစွာနှင့် ထိရောက်စွာကောက်ခံနိုင်ခြင်းဖြင့် ကယ်လီဖိုးနီးယားတွင် နေထိုင်သူများအား ပိုမိုအဆင်ပြေစေရန်ဖြစ်သည်။ သင်နှင့် သင်၏စီးပွါးရေးလုပ်ငန်းသစ်ကို ကြိုဆိုပါသည်။ ကျွန်ုပ်တို့ပြည်နယ်တွင် စီးပွါးရေးစွမ်းဆောင်ရှင်များနှင့် အောင်မြင်သော စီးပွါးရေး စွန့်စားလုပ်ကိုင်သူများ၏ ကြွယ်ဝသော သမိုင်းကြောင်းရှိခဲ့ပြီး သင့်ကိုလည်း တူညီသော အောင်မြင်မှုရရှိရန် ဆန္ဒပြုပါသည်။ ဤစာစောင်သည် သင်ကယ်လီဖိုးနီးယားတွင် အရောင်းပြုလုပ်သည့်အခါ သက်ဆိုင်သည့် ဥပဒေရေးရာ လိုအပ်ချက်များမှ အချို့ကိုသိရှိနိုင်ရန် အမြန်လမ်းညွှန်တစ်ခုဖြစ်ပါသည်။ ပြည်နယ်၏ စီးပွါးရေး လုပ်ငန်းစည်းမျဉ်းများနှင့် အခွန်ဥပဒေများသည် ရှုပ်ထွေးပြီး ဤစာစောင်သည် ပြီးပြည့်စုံသော လမ်းညွှန်တစ်ခုမဟုတ်ပါ။ သင့်ထံတွင် စီးပွါးရေးလုပ်ငန်းအခွန်နှင့် ဆက်နွယ်သောမေးခွန်းများရှိပါက ကျွန်ုပ်တို့ဖြေဆိုရန် အသင့်ရှိပါသည်။ ကျွန်ုပ်တို့၏ ဝန်ထမ်းအများအပြားသည် အင်္ဂလိပ်ဘာသာစကား မဟုတ်သော အခြားဘာသာစကားများ ပြောဆိုကြပြီး၊ ကြိုတင်တောင်းဆိုမှုတစ်ခုပြုပါက သင့်အားကူညီရန် သင့်ဘာသာစကားကိုပြောဆိုသော ဝန်ထမ်းတစ်ယောက်ကို ရရှိရန်အတွက် အစွမ်းကုန်ကြိုးစားဆောင်ရွက်ပေးပါမည်။

## ကယ်လီဖိုးနီးယား ရောင်းချသူပါမစ်

ကယ်လီဖိုးနီးယား ရောင်းချသူပါမစ်တစ်ခုက သင့်အား လက်ကား သို့မဟုတ် လက်လီအဆင့်ရောင်းချခြင်းများကို ပြုလုပ်နိုင်စေသည်။ သင်သည်ကျွန်ုပ်တို့ထံတွင် မှတ်ပုံတင်သည့်အခါ ရောင်းချသူပါမစ်တစ်ခုကိုရရှိမည်။ ယေဘူယျအားဖြင့် သင်သည် ကယ်လီဖိုးနီးယားတွင် တရားဝင် ရောင်းချခြင်းနှင့်/သို့မဟုတ် ကုန်ပစ္စည်းများ၊ မော်တော်ယာဉ်များ၊ သို့မဟုတ် အခြားပစ္စည်းများငှားရမ်းခြင်း တို့အတွက် ရောင်းချသူပါမစ်တစ်ခုကို ရယူရမည်။ အကယ်၍သင်သည် ခရစ်စမတ်သစ်ပင် သို့မဟုတ် လက်မှုပစ္စည်းရောင်းချပွဲကဲ့သို့ရက် ၉၀ ထက်မကျော်သောကာလတွင် ရောင်းချမှုများပြုလုပ်ပါက သင်သည် ယာယီရောင်းချသူပါမစ် တစ်ခုကိုလျှောက်ထားရမည်။



## ရောင်းချသူပါမစ် နှင့် ပြန်လည်ရောင်းချခြင်းလက်မှတ်

ရောင်းချသူပါမစ် နှင့် ပြန်လည်ရောင်းချခြင်းလက်မှတ်သည် မတူညီသောအရာနှစ်ခုဖြစ်သည်။ ရောင်းချသူပါမစ်က သင့်အား ကယ်လီဖိုးနီးယားတွင် ရောင်းချခြင်းကိုပြုလုပ်နိုင်စေ သည်၊ ပြန်လည်ရောင်းချခြင်း လက်မှတ်က သင့်အား ကုန်ပစ္စည်းများကို ဝယ်ယူပြီး သင့်ကုန်ပစ္စည်းပေးသွင်းသူများကို အခွန်ပေးစရာမလိုဘဲ ၎င်းတို့ကို ရောင်းချနိုင်စေသည်။ သင်ရောင်းချသူပါမစ်ကို ရရှိလျှင် သင်ကသင့်ကုန်ပစ္စည်းပေးသွင်းသူများအား သင် သာမန်စီးပွါးရေး လမ်းကြောင်းအတိုင်း ရောင်းချမည့် ပစ္စည်းများကို ဝယ်ယူရန် ပြန်လည်ရောင်းချခြင်းလက်မှတ် ကိုပေးနိုင်သည်။ ရောင်းချသူပါမစ်သည် *ဝယ်ယူသည့်ပါမစ်* မဟုတ်ပါ။ သင်ရောင်းချသည့် ပစ္စည်းများမှလွဲ၍ သင့်စီးပွါးရေးလုပ်ငန်း၌ အသုံးပြုသောပစ္စည်းများအားလုံး (ရုံးသုံးပစ္စည်းများကဲ့သို့) အတွက် သင်အခွန်ပေးရလိမ့်မည်။

## ရောင်းချသူပါမစ် လျှောက်ထားခြင်း

ရောင်းချသူပါမစ် လျှောက်ထားခြင်းသည် အခမဲ့ဖြစ်သည်။ သင်သည် ရောင်းချသူပါမစ်ကိုလျှောက်ထားရန် ကျွန်ုပ်တို့ဝက်ဘ်ဆိုက် *www.cdtfa.ca.gov* ၏ Online Services (အွန်လိုင်းဝန်ဆောင်မှု) အပိုင်းသို့ သွားရောက်နိုင်ပါသည်။ သင့်လျှောက်လွှာကို ပြီးမြောက်စေရန် သင်၏ ဘဏ်အကောင့် အသေးစိတ်အချက်အလက်များနှင့် ခန့်မှန်းဝင်ငွေ အပါအဝင် စီးပွါးရေးလုပ်ငန်း အချက်အလက်များကို ပေးအပ်ရန်လိုပါသည်။ သင်သည် သင်၏စီးပွါးရေးလုပ်ငန်းကို ဝယ်ယူထားခြင်းဖြစ်ပါက ယခင်ပိုင်ရှင်၏အမည်နှင့် သူတို့၏ CDTFA ရောင်းချသူပါမစ်နံပါတ်ကို ပေးအပ်ရန်လိုပါသည်။ သင်လမ်းညွှန်မှုအကူအညီ လိုအပ်ပါက၊ ကျွန်ုပ်တို့၏ အသုံးပြုသူဝန်ဆောင်မှုစင်တာ ၁-၈၀၀-၄၀၀-၇၁၁၅ (CRS:၇၁၁) သို့ခေါ်ဆိုပါ၊ CDTFA ကိုယ်စားလှယ်တစ်ယောက်က သင့်အားကူညီပေးပါလိမ့်မည်။ သင်သည်လျှောက်လွှာကို ဖြည့်စွက်ပြီး အွန်လိုင်းမှ တင်သွင်းလိုက်သည်နှင့် သင်၏စီးပွါးရေး လုပ်ငန်းတည်နေရာတွင် ပြသထားရန် သင့်ရောင်းချသူပါမစ်ကို ပရင့်ထုတ်နိုင်ပါလိမ့်မည်။ သင်သည် ရောင်းချသူပါမစ်ကို CDTFA ရုံးခွဲသို့သွားရောက်၍ လူကိုယ်တိုင်လည်း လျှောက်ထားနိုင်ပါသည်။ သင်သည် ရုံးဖုန်းနံပါတ်များနှင့် လိပ်စာများကို ကျွန်ုပ်တို့၏ ဝက်ဘ်ဆိုက် *www.cdtfa.ca.gov/office-locations* တွင်တွေ့နိုင်ပါသည်။

## အခွန်ကင်းရှင်းမှုတောင်းဆိုခြင်း

သင်ဝယ်ယူမည့် စီးပွါးရေးလုပ်ငန်း၏ ရောင်းခွန် သို့မဟုတ် ဝယ်ခွန်များကို သင်ကပေးဆောင်ရခြင်းမှ ကာကွယ်ရန် သင်သည် ကျွန်ုပ်တို့ထံသို့ စာရေးသားပြီး ထိုလုပ်ငန်း၏ အခွန်ကင်းရှင်းမှုတစ်ခုကို တောင်းဆိုပါ။ သင်၏စာရေးသားတောင်းဆိုမှုတွင် အောက်ပါတို့ပါရှိရမည်-

- ဝယ်ယူသူ၏ အမည်၊ လိပ်စာ၊ နှင့် ဖုန်းနံပါတ်။
- ရောင်းချသူ၏ အမည်၊ လိပ်စာ၊ နှင့် ဖုန်းနံပါတ်။
- စီးပွါးရေးလုပ်ငန်း၏လိပ်စာ
- ရောင်းချမှုငွေတောင်းလွှာ သို့မဟုတ် ဝယ်ယူသည့် ဈေးနှုန်းပမာဏပါသော အဝယ်စာချုပ် မိတ္တူ။
- escrow (ကြားအာမခံပေးသော) ကုမ္ပဏီအမည်နှင့် escrow (ကြားအာမခံ) နံပါတ်၊ (သက်ဆိုင်ပါက)။
- စီးပွါးရေးလုပ်ငန်းဝယ်ယူသည့် ရက်စွဲ။

## ရောင်းချသူပါမစ် ကိုင်ဆောင်ထားသူ၏ တာဝန်များ

သင့်ထံတွင် ရောင်းချသူပါမစ် တစ်ခုရှိပါက၊ သင်သည်-

- သင့်စီးပွါးရေးလုပ်ငန်းလည်ပတ်မှုများနှင့် သက်ဆိုင်သော ရောင်းခွန်များနှင့် ဝယ်ခွန်ဥပဒေများကို သဘောပေါက်နားလည်ရမည်။
- သင်၏ ရောင်းချမှုများနှင့် ဝယ်ယူမှုများကို လုံလောက်သော စာရွက်စာတမ်းမှတ်တမ်းများ ထားရှိရမည် (*မှတ်တမ်းများသိမ်းထားခြင်း* ကိုအောက်တွင်ကြည့်ပါ)။
- အွန်လိုင်းတွင် ရောင်းခွန်နှင့် ဝယ်ခွန်များကို ကျွန်ုပ်တို့နှင့်အတူ ပုံမှန်မှတ်တမ်းသွင်းပါ။ သင်၏ ရောင်းချသူပါမစ်အတွက် အွန်လိုင်းမှတ်ပုံတင်ခြင်းကို ပြီးမြောက်သည်နှင့် ခန့်မှန်းအရောင်း များပေါ်တွင်အခြေခံ၍ သင့်အား လစဉ်၊ သုံးလပတ်၊ သို့မဟုတ်နှစ်စဉ် မှတ်တမ်းပြုရန် အချိန်ဇယား တစ်ခုကိုပေးမည်။
- သင်၏ရောင်းချမှုနှင့် ဝယ်ယူမှုများအတွက် ထိုက်သင့်သောရောင်းခွန် သို့မဟုတ် ဝယ်ခွန်များကို ပေးဆောင်ပါ။

## မှတ်တမ်းများသိမ်းထားခြင်း

သင်သည် အနည်းဆုံး လေးနှစ်တာအတွက် မှန်ကန်သော အခွန်ပမာဏကို ပြသနိုင်ရန် မှတ်တမ်းများကို သိမ်းထားရမည်။ သင်သိမ်းထားသင့်သောမှတ်တမ်းများတွင် ဥပမာအနေနှင့် အောက်ပါတို့ပါဝင်ရမည်-

- သင်၏အထွေထွေလယ်ဂျာနှင့် ဂျာနယ်များကဲ့သို့ သင့်ဝင်ငွေနှင့် ကုန်ကျစရိတ်များကို အကျဉ်းချုပ်ထားသည့် စာရင်းစာအုပ်များ။ ထိုအချက်အလက်များကို ကွန်ပြူတာဖြင့်သိမ်းထားနိုင်သည်။
- ဘီလ်များ၊ လက်ခံပြေစာများ၊ ငွေတောင်းခံလွှာများ၊ အလုပ်အမှာစာများ၊ စာချုပ်ချုပ်ဆိုမှုများ၊ သို့မဟုတ် အခြားစာရွက်စာတမ်းများကဲ့သို့ သင့်စာရင်းစာအုပ်တွင် ရေးသွင်းရန်ပံ့ပိုးသည့် မူရင်းမှတ်တမ်းများ။
- သင်၏အခွန်ပေးဆောင်မှုအတွက် ပြင်ဆင်ရန်အသုံးပြုသည့် စာရွက်စာတမ်းများနှင့် အလုပ်ဇယားချပ်များ။
- သင်၏ ဝယ်သူများထံမှ လက်ခံရရှိသော ပြန်လည်ရောင်းချခြင်းလက်မှတ်များ။

## သင့်မှတ်တမ်းများတွင် အောက်ပါတို့ကိုပြသရမည်-

- အရောင်းများနှင့် ပစ္စည်းငှားခများ နှင့် အခွန်မှကင်းလွတ်နိုင်သည်ဟု ယူဆရသော ဝင်ငွေအပါအဝင် စီးပွါးရေးလုပ်ငန်း၏ စုစုပေါင်းလက်ခံရရှိသော ဝင်ငွေ။
- သင်အခွန်ဆောင်ရာတွင် တင်ပြထားသော နုတ်ယူမှုများအားလုံး။
- ဝယ်ယူသည့်ပစ္စည်းများအားလုံး၏ စုစုပေါင်းအဝယ်တန်ဖိုး။

## သင့်စီးပွါးရေးလုပ်ငန်းအတွက် ထပ်တိုးလိုအပ်ချက်များ

သင်သည်ရောင်းချသူပါမစ်ကို မှတ်ပုံတင်ထားသည့်အပြင်၊ သင်သည်ကျွန်ုပ်တို့ ဌာနမှ စီမံခန့်ခွဲသော အခြား အခွန်နှင့် အခကြေးငွေအစီအစဉ်အတွက် မှတ်ပုံတင်ရန် လိုအပ်နိုင်ပါသည် (ဥပမာ၊ ကယ်လီဖိုးနီးယား တာယာအခကြေးငွေ၊ အီလက်ထရောနစ် စွန့်ပစ်ပစ္စည်း ပြန်လည်သုံးစွဲမှု အခကြေးငွေ သို့မဟုတ် စီးကရက်နှင့် ဆေးရွက်ကြီးလိုင်စင် အစီအစဉ်)။ သင်သည် သင့်စီးပွါးရေးလုပ်ငန်းကိုဆောင်ရွက်နိုင်ရန် အခြားလိုင်စင်များ၊ ပါမစ်များ၊ သို့မဟုတ် စာရွက်စာတမ်းများကိုလည်း ရယူရန်လိုအပ်နိုင်ပါသည်။ CalGold ဝက်ဘ်ဆိုက်၊ www.calgold.ca.gov သည် သင်၏စီးပွါးရေးလုပ်ငန်းအတွက် သင့်လျော်သော ပါမစ်အချက်အလက်များကို စတင်ရှာဖွေရာ၌ အကောင်းဆုံးနေရာ တစ်ခုဖြစ်သည်။ ကုန်သည်ကြီးများအသင်း၊ စီးပွါးရေးဖွံ့ဖြိုးမှုအဖွဲ့အစည်းများ၊ နှင့် စီးပွါးရေးလုပ်ငန်း အဖွဲ့အစည်းများသည်လည်း အချက်အလက်များအတွက် ကောင်းမွန်သော အရင်းအမြစ်များဖြစ်သည်။ မြို့သို့မဟုတ် ကောင်တီ၏ စီးပွါးရေးလုပ်ငန်း လိုင်စင်ဌာနသည်လည်း သင့်အားကူညီနိုင်ပါသည်၊ သို့မဟုတ်ပါက ကျွန်ုပ်တို့ထံ အကူအညီရယူရန်ခေါ်ဆိုပါ။

## အခွန်ထမ်းအခွင့်အရေး ရှေ့နေ

ကယ်လီဖိုးနီးယား အခွန်ထမ်းတစ်ယောက်အနေနှင့် သင့်ထံတွင် လျှို့ဝှက်မှုအခွင့်အရေး၊ သာတူညီမျှမှုအခွင့်အရေး၊ နှင့် ကျွန်ုပ်တို့အရေးယူ ဆောင်ရွက်မှုများကို အယူခံဝင်ပိုင်ခွင့် စသော အခွင့်အရေးများစွာ ရှိပါသည်။ သင်၏ အခက်အခဲများကို ဖြေရှင်းရာ၌အကူအညီလိုပါက CDTFA ရှိပုံမှန်လမ်းကြောင်းဖြင့် ဆောင်ရွက်နိုင်ပါသည်၊ သို့မဟုတ် ကျွန်ုပ်တို့စီမံဆောင်ရွက်သည့် မည်သည့် အခွန် သို့မဟုတ် အခကြေးငွေ အစီအစဉ်မျိုးမဆို တွင်ပါရှိသော သင့်အခွင့်အရေးများနှင့် ပတ်သက်၍ပိုမိုသိရှိလိုပါက Taxpayers' Rights Advocate Office (အခွန်ထမ်းအခွင့်အရေး ရှေ့နေရုံး) အခမဲ့လိုင်း ၁-၈၈၈-၃၂၄-၂၇၉၈ သို့ခေါ်ဆိုပါ။

## ပိုမိုသိရှိလိုပါက

သင်သည် စကားပြန်အကူအညီလိုအပ်ပါက သင်၏ဒေသတွင်း CDTFA ရုံးသို့ခေါ်ဆိုပါ။ သင်နှစ်သက်ပါက သင်၏စကားပြန်တစ်ယောက်ကို ခေါ်လာနိုင်ပါသည်။ သင်နှင့် ရှင်းလင်းစွာဆက်သွယ်မှု ပြုနိုင်ရန် ကျွန်ုပ်တို့တတ်စွမ်းသမျှ ကြိုးစားမည်။ ကျွန်ုပ်တို့၏ ဝန်ဆောင်မှုကို တိုးတက်အောင်မည်သို့လုပ်ရန် သင့်တွင်အကြံပြုချက်များရှိပါက ကျွန်ုပ်တို့ထံအသိပေးပါ။

ဤစာစောင်သည် ၎င်းကိုရေးသားစဉ် သက်ရောက်မှုရှိသော ဥပဒေနှင့် သက်ဆိုင်ရာ စည်းမျဉ်းများကို အကျဉ်းချုပ်ထားသည်။ သို့ရာတွင်၊ ထိုအချိန်မှစ၍ ဥပဒေ သို့မဟုတ် စည်းမျဉ်းများ၌ ပြောင်းလဲချက်များ ဖြစ်ပေါ်နိုင်ပါသည်။ အကယ်၍ ဤစာစောင်ပါ စာနှင့် ဥပဒေတို့အကြား ဝိရောဓိဖြစ်ပေါ်လာပါက၊ ဆုံးဖြတ်ချက်များကို ဥပဒေပေါ်အခြေခံ၍ ပြုလုပ်မည်ဖြစ်ပြီး ဤစာစောင်ပေါ်တွင် အခြေမခံပါ။ ◀

